## အာဆီယံလွှတ်တော်အမတ်များအဖွဲ့ရဲ့ ဒေသတွင်းစည်းရုံးရေး ခရီးစဉ်
၂ ဒီဇင်ဘာ ၂၀၀၆

မြန်မာပြည် ဒီမိုကရေစီအရေးအတွက် ဝိုင်းဝန်း လုပ်ဆောင်ပေးနေတဲ့ AIPMC ခေါ် အာဆီယံ လွှတ်တော်အမတ်များအဖွဲ့ကနေ မကြာခင်မှာ အာဆီယံရဲ့ ဥက္ကဋ္ဌတာဝန်ယူတော့မယ့် ဖိလစ်ပိုင်နိုင်ငံကို လာမယ့်ရှေ့တပတ်ထဲမှာ သွားရောက်ပြီး မြန်မာပြည်အကြောင်း ဆွေးနွေးတင်ပြကြမှာ ဖြစ်ပါတယ်။ ဒီအကြောင်းကို ဒေါ်နန္ဒာချမ်း က တင်ပြထားပါတယ်။

ဒီခရီးစဉ်အတွင်း ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ NCGUB ကိုယ်စားလှယ် ဦးဘိုလှတင့် နဲ့ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ NCUB အထွေထွေ အတွင်းရေးမှူး ဦးမောင်မောင် တို့လည်း လိုက်ပါသွားမှာဖြစ်ပြီး ဖိလစ်ပိုင် သမ္မတ ဂလိုရီယာ အာ ရို ရို အပါအဝင် သမ္မတဟောင်း ဖီ ဒယ်လ် ရားမို့စ် နဲ့ ကို ရီ အာ ကွီ နို နဲ့ ဖိလစ်ပိုင်နိုင်ငံခြားဌာန က တာဝန်ရှိသူတွေ၊ လွှတ်တော်ဥက္ကဋ္ဌ နဲ့ တခြားနိုင်ငံရေးပါတီဝင်တွေနဲ့ တွေ့ဆုံပြီး မြန်မာပြည်နိုင်ငံရေးအတွက် စစ်အစိုးရကို ဝိုင်းဝန်းတိုက် တွန်းကြဖို့ ပြောဆိုမှာဖြစ်ပါတယ်။

ဒီကိုယ်စားလှယ်တွေအနေနဲ့ ဖိလစ်ပိုင်နိုင်ငံကို ရွေးချယ်ပြီး စည်းရုံးရေးထွက်ခွာတာနဲ့ ပတ်သက်လို့ အန်စီဂျီယူဘီ ဝန်ကြီးတစ်ဦးဖြစ်တဲ့ ဒေါက်တာတင့်ဆွေ က အခုလို ပြောဆိုခဲ့ပါတယ်။

"ဖိလစ်ပိုင်နိုင်ငံကို ရွေးရတဲ့အကြောင်းအရင်းကတော့ အဓိက အကြောင်းအရင်းကြီး ၂ ခု ရှိပါတယ်။ တစ်ခုကတော့ ဒီဖိလစ်ပိုင်နိုင်ငံဟာ ၁၉၈၆ ခုနှစ်တုန်းက လူထုအင်အား တော်လှန်ရေးလို့ခေါ်တဲ့ တော်လှန်ရေးကြီးနဲ့ နှစ်ကာလအရှည်ကြာ အုပ်စိုးလာတဲ့ Ferdinand Marcos ဖာဒီနန် မားကော့စ် ကို ဖြုတ်ချနိုင်ခဲ့တဲ့ အဲလို ရေခံမြေခံကောင်းတဲ့ နိုင်ငံလည်း ဖြစ်ပါတယ်။ နောက် ဒုတိယအကြောင်း တစ်ချက်ကတော့ လာမယ့်နှစ်မှာ အာဆီယံရဲ့ ဥက္ကဋ္ဌနေရာကို ဖိလစ်ပိုင်က ရယူမှာဖြစ်တဲ့အတွက် အာဆီယံတစ်ခုလုံးရဲ့ မြန်မာပြည်အပေါ်မှာ ပိုမိုပြီးတော့ အလေးထား ဆောင်ရွက်ရေးဆိုတဲ့ ရည်ရွယ်ချက် ၂ ခုကြောင့် ဖိလစ်ပိုင်နိုင်ငံကို သွားပြီးတော့ နိုင်ငံရေးစည်းရုံးခြင်း ဖြစ်ပါတယ် ခင်ဗျ။

*ဒါပေမဲ့ အာဆီယံမှာက တခြားနိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်မစွက်ရဆိုတဲ့မူ ရှိထားတော့လေ အန်ကယ်လ် ဒီခရီးစဉ်က ဘယ်လောက် အောင်မြင်မှုရှိမှာလည်းရှင့်။*

"မှန်ပါတယ်ခင်ဗျ၊ ဒီ အာဆီယံရဲ့ လက်ရှိ ရှိရင်းစွဲကတော့ တခြားနိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်မစွက်ရေးဆိုတဲ့ လိုင်းကို သုံးနေဆဲပဲ ဖြစ်ပါတယ်။ သို့သော် အာဆီယံနိုင်ငံအတွင်းမှာပဲ မြန်မာ့အရေးနဲ့ ပတ်သက်ရင်တော့ ဝင်ရောက်မစွက်ဖက်လို့ မရတဲ့ အနေအထားရှိနေတယ် ဆိုတဲ့ငြင်းခုံချက်တွေနဲ့ တော်တော်ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးမှုတွေလည်း ရှိလာကြပါတယ်။ စွက်ဖက်မှုမဟုတ်တောင်မှ ဟုတ်လား၊ ဖြစ်ပျက်နေတဲ့ အဖြစ်အပျက်တွေဟာ ဒီမြန်မာပြည်ရဲ့ နယ်နမိတ်ကို ကျော်နေပြီ၊ အာဆီယံရဲ့ ဂုဏ်သိက္ခာ အာဆီယံရဲ့မျက်နှာကို ထိခိုက်နေပြီဆိုတဲ့ တဖက်က ပြန်လှန်ငြင်းဆိုချက်တွေကလည်း ခိုင်မာလာတော့ကာ၊ ဒါကြောင့်လည်းပဲ ပြီးခဲ့တဲ့ တနှစ်အတွင်းမှာ အာဆီယံနိုင်ငံရဲ့နိုင်ငံများ မြန်မာ့အရေးမှာ ပိုပြီးတော့ ကျယ်ကျယ်လောင်လောင်နဲ့ ပွင့်ပွင့်လင်းလင်း ပြောလာကြတာ ဖြစ်တော့ကာ ကျနော်တို့က သူတို့ရဲ့ ပေါ်လစီ ဘယ်လိုပဲ စာရွက်ပေါ်မှာရေးထားပါစေ၊ ဒီမြန်မာပြည်အရေးမှာ အာဆီယံကလည်း အုပ်စုကြီးဖြစ်တဲ့ အတွက် သူတို့ရဲ့မျက်နှာမပျက်အောင် မြန်မာပြည်ဟာ ပြုပြင်ပြောင်းလဲသင့်တယ်ဆိုတဲ့ လိုင်းပေါ်မှာ ကျနော်တို့ ဆွေးနွေးကြမှာပါ။"

*ဒီခရီးစဉ်အတွင်းပေါ့လေ၊ သမ္မတာ အာရိုရို တို့နဲ့ တွေ့တဲ့အခါမှာ ဘယ်လိုအကြောင်းအရာတွေကို အဓိကထားပြီးတော့ ဆွေးနွေးမယ်လို့ စီစဉ်ထားလည်းရှင့်။*

“ဟုတ်ကဲ့ အဓိကကတော့ ကျနော်တို့ မြန်မာနိုင်ငံရဲ့ ပြဿနာမှာ နိုင်ငံတကာစင်မြင့်က ဆောင်ရွက်တဲ့ အခါမှာ ကျနော်တို့ ကုလသမဂ္ဂကို မဏ္ဍိုင်ပြုပါတယ်။ တခါ ကုလသမဂ္ဂကို မဏ္ဍိုင်ပြုသော်လည်းပဲ မြန်မာနိုင်ငံပါနေတဲ့ အာဆီယံရဲ့ အရေးပါမှုဟာလည်း ရှိပါတယ်။ ကျနော်တို့လိုချင်တဲ့ ကုလသမဂ္ဂလုံခြုံရေး ကောင်စီအဆင့် ရောက်နေတဲ့အခါ အာဆီယံနိုင်ငံတွေကလည်း တက်တက်ကြွကြွပါလာအောင်လည်း ကျနော်တို့ စည်းရုံးဖို့လည်း ရှိပါတယ်ခင်ဗျ။ အဲတော့ ကျနော်ပြောချင်တာက အာဆီယံရဲ့ ချဉ်းကပ်မှုနဲ့ ကုလသမဂ္ဂချဉ်းကပ်မှု နှစ်ခုကို ပေါင်းစပ်ပေးရေးကို ကျနော်တို့ အစွမ်းကုန် ကြိုးစားမှာဖြစ်ပါတယ်။”

*ဟုတ်ကဲ့ အရင်သွားခဲ့တဲ့ ခရီးစဉ်တွေတုန်းကရော ဘယ်လိုမျိုး အားရကျေနပ်မှုရခဲ့လည်းရှင့်။*

“ဟုတ်ကဲ့ခင်ဗျ၊ အတိုချုပ်ပြောရရင်တော့ ကျနော်တို့မြန်မာပြည်ကို ဖယ်ထားလို့ရှိရင် ကျန်တဲ့ ၉ နိုင်ငံထဲက ၆ နိုင်ငံမှာ ဒီအာဆီယံလွှတ်တော် ကိုယ်စားလှယ်များသမဂ္ဂတွေကို ကျနော်တို့ ဖွဲ့နိုင်ခဲ့တာရယ်၊ နောက် တခါ ၂၀၀၆ ခုနှစ် နအဖဟာ ဥက္ကဋ္ဌရာထူး မရအောင်လည်းပဲ ဒီအာဆီယံတွင်း ကြိုးပမ်းမှုတွေက အများကြီး အထောက်အကူ ပြုပေးခဲ့တယ်လို့ ကျနော်တို့ ပြောလို့ရတယ်။ နောက်တခါ အရင်ကာလတွေ က ၁၉၉၇ တုန်းက နအဖရဲ့ မြန်မာပြည် အာဆီယံထဲ ပါကတည်းက နအဖဖက်က ရှေ့နေလိုက် ကာကွယ် ပြောနေတဲ့ နိုင်ငံတွေဟာ တဖြေးထက်တဖြေး ပိုပြီး နည်းလာနေပြီးတော့ မြန်မာပြည်ရဲ့ အခြေအနေမှန်ကို ရိပ်စားသဘောပေါက်လာတဲ့အခါမှာ နအဖကို ဒီတိုင်း ဆက်ပြီးတော့ အကာအကွယ်ပေးဖို့ ခက်လာတဲ့ နိုင်ငံတွေရှိလာတယ်လို့ ဒီလို ကျနော်တို့ ပြောလို့ရပါတယ်။ ဒါ့ကြောင့် တနည်းအားဖြင့်တော့ ကျနော်တို့ အတော်အသင့်တော့ အောင်မြင်မှုရနေတယ် ဆက်လုပ်စရာတွေတော့ ကျန်သေးတယ်လို့ပဲ ပွင့်ပွင့်လင်း လင်း ပြောရပါလိမ့်မယ်ခင်ဗျ။”

မြန်မာပြည်အရေး စစ်အစိုးရကို တွန်းအားပေးဖို့ အေအိုင်ပီအမ်စီ အဖွဲ့ရဲ့ ဖိလစ်ပိုင်နိုင်ငံ စည်းရုံးရေးခရီးစဉ် နဲ့ပတ်သက်ပြီး အန်စီဂျီယူဘီဝန်ကြီးတစ်ဦးဖြစ်တဲ့ ဒေါက်တာတင့်ဆွေ ကို ဆက်သွယ်မေးမြန်းခဲ့တာပါ။